# ပါစကားကာလ ပဥ္စမတနင်္ဂနွေနေ့

ရှင်ယောဟန် ၁၅း ၁-၈

ယနေ့ဖတ်ရတဲ့ တမန်တော်ဝတ္ထုမှာ "ယုံကြည်သူတို့သည်လည်း သခင်ဘုရား၌ ကြောက်ရွံ့ရိုသေစွာ ကျင့်ကြံကြလျက် ဝိညာဉ်တော်မြတ်၏အားပေးနှစ်သိမ့်မှုကို ခံယူရရှိကာ အသင်းတော်သည် တိုးပွားများပြားလာခဲ့၏။" (တမန်တော် ၉း၃၁) ရှေးဦးအသင်းတော်မှာ ညှဉ်းပန်းနှိပ်စက်ခံခဲ့ရပေမဲ့ အသင်းတော်ဟာ မှေးမှိန်ပျောက်ကွယ်မသွားပဲ ပိုပြီးတိုးတက်ပွါးများလာခဲ့တယ်။ ဒါဟာ အံ့ဩစရာကောင်းပါတယ်။ အာဏာရှိသူ၊ အုပ်ချုပ်သူတွေက အသင်းတော်ကို ညှဉ်းပန်းနှိပ်စက် ဒုက္ခပေးခဲ့ကြပေမဲ့ ယုံကြည်သူတွေကတော့ သေရာမှပြန်ရှင်တော်မူတဲ့ယေဇူးဘုရားရှင်နဲ့ နေ့တိုင်း ဆက်နွယ်နေကြတဲ့အတွက်ကြောင့် အသင်းတော်က ပိုပြီးတိုးတက်ပွါးများလာခဲ့တာပါ။

ယေဇူးဘုရားရှင် မိန့်တော်မူတာက " ငါသည် စစ်မှန်သောစပျစ်နွယ်ပင် ဖြစ်၍ ငါ၏ခမည်းတော်သည် စပျစ်ဥယျာဉ်မှူး ဖြစ်တော်မူ၏။" သခင်ယေဇူးကိုယ်တော်တိုင်က စပျစ်နွယ် ဖြစ်ပြီး ခမည်းတော်ဘုရားကို စပျစ်ဥယျာဉ်မှူးနဲ့ နှိုင်းယှဉ်ဖော်ပြထားပါတယ်။ ကျနော်တို့ ခရစ်ယာန်တွေကတော့ စပျစ်နွယ်ပင်ကြီးရဲ့ အကိုင်းအခက်များ ဖြစ်ကြပါတယ်။ ဥယျာဉ်မှူးက အကိုင်းအခက်တွေမှာ စပျစ်သီး များများသီးစေဖို့ လုပ်တဲ့အခါမှာ နှစ်မျိုး လုပ်ပါတယ်။ နံပါတ်(၁) လုပ်ဆောင်ချက်ကတော့ အသီးမသီးတဲ့အကိုင်းအခက်တွေကို ဖြတ်တောက်ပစ်မယ် တဲ့။ ဘာဖြစ်လို့လဲ ဆိုတော့ အသီးမသီးတဲ့အကိုင်းအခက်တွေက အပင်အတွက် အားကုန်စေတာပဲရှိတယ်၊ ဘာမျှ ကောင်းကျိုးမရှိဘူး။ နံပါတ်(၂)လုပ်ဆောင်ချက်ကတော့ အသီးသီးတဲ့အကိုင်းအခက်တွေကို အသီးပိုသီးစေဖို့ ရှင်းလင်းပြုပြင်ပေးပါတယ်။ ဥပမာ - သံပုရာအပင်ပျို တစ်ပင်က အခုမှစပြီး အသီးသီးတော့မယ်ဆိုရင် ပထမဦးဆုံးသီးတဲ့အသီးတွေကို အပင်မှ ချွေပစ်ရတယ်လို့ စိုက်ပျိုးရေးသမားများက ပြောကြပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အပင်ပျိုက ခွန်အားသိတ်မရှိခင်မှာ အသီးတွေသီးဖို့အတွက် မဖြစ်ဖြစ်အောင် ခွန်အားတွေ စိုက်ထုတ်လိုက်ရင် နောက်တစ်ခါသီးမည့်အသီးတွေအတွက် အပင်ပျိုဟာ ခွန်အားမပြည့်မမီနိုင်ဖြစ်ပြီး အသီးတွေလည်း မအောင်မြင်တတ်လို့ပါပဲ။

ဒီလိုပါပဲ ခရစ်ယာန်ဘဝအသက်တာနဲ့ ပုံမှန်ရှင်သန်နေထိုင်နေပြီးသား ဖြစ်နေတဲ့ခရစ်ယာန် တစ်ယောက်ကိုလည်း ယုံကြည်ခြင်းမှာ ပိုပြီးထက်သန်လာစေဖို့၊ ခွန်အားပြည့်ပြည့်ဝဝနဲ့ ဘဝကို လျှောက်လှမ်းနိုင်စေဖို့ သူ့ကို ဘုရားက စုံစမ်းနှောက်ယှက်ခြင်းတွေ၊ အခက်အခဲဒုက္ခတွေ ကြုံတွေ့စေပါတယ်။ အဲ့ဒီလိုနည်းနဲ့ အသီးသီးနေတဲ့အကိုင်း ဖြစ်နေပေမဲ့လည်း ပိုသီးအောင် ရှင်းလင်းပြုပြင်ခံရတာပါပဲ။

ဒါကြောင့် ကျနော်တို့ဟာ ကောင်းကျိုးဆိုတဲ့အသီးတွေ ဖြစ်ထွန်းလာနိုင်ဖို့ ခရစ်တော်တည်းဟူသော စပျစ်နွယ်ပင်ကြီးနဲ့ တစ်ချိန်လုံး ဆက်နွယ်နေဖို့ လိုပါတယ်။ ကျနော်တို့မှာ ကောင်းကျိုးဖြစ်ထွန်းဖို့ ဘုရားနဲ့ ဘယ်လို ဆက်နွယ်ကြရမလဲ။ ဘုရားသခင်နဲ့ ဆက်နွယ်နေတဲ့သူဆိုတာ သခင်ယေဇူးကို ဘုရားရဲ့သားတော်ဖြစ်တယ်လို့ ယုံကြည်နေတာကို ခေါ်ပါတယ်။ "ယေဇူးသည် ဘုရားသခင်၏သားတော် ဖြစ်တော်မူကြောင်းကို ယုံကြည်ဝန်ခံသူတိုင်း၌ ဘုရားသခင်

တည်ရှိတော်မူ၍ ထိုသူသည်လည်း ဘုရားသခင်၌ တည်ရှိလေ၏။" (ရှင်ယောဟန်(ပ) ၄း၁၅) နောက်ထပ်တစ်နည်း ဘုရားနဲ့ ဆက်နွယ်နေတဲ့သူဆိုတာ သခင်ယေရှုကို ကိုယ့်ရဲ့ကယ်တင်ရှင် အရှင်သခင်အဖြစ် လက်ခံယုံကြည်ထားသူပဲဖြစ်ပါတယ်။ "ကိုယ်တော်သည် မိမိကို လက်ခံကြ၍ မိမိ၏နာမတော်၌ ယုံကြည်ကြသောသူတို့အား ဘုရားသခင်၏သားသမီးဖြစ်ရသောအခွင့်ကို ပေးတော်မူ၏။" (ရှင်ယောဟန် ၁း၁၂)။ နောက်ထပ်တစ်နည်း ဘုရားနဲ့ ဆက်နွယ်နေတဲ့သူဆိုတာက ဘုရားက ကိုယ့်ကို ဖြစ်စေလိုတဲ့အတိုင်း ကျင့်ကြံနေထိုင်နေတဲ့သူကို ခေါ်ပါတယ်။ "ကိုယ်တော်၏ပညတ်တော်များကို စောင့်ထိန်းသောသူအပေါင်းတို့သည် ကိုယ်တော်၌ တည်ရှိနေကြ၍ ကိုယ်တော်သည်လည်း သူတို့၌ တည်တော်မူ၏။" (ရှင်ယောဟန် (ပ) ၃း၂၄) ဘုရားနဲ့ ဆက်နွယ်နေတဲ့သူ နောက်တစ်နည်းကတော့ ဧဝံဂေလိ သတင်းကောင်းကို ဆက်လက်ယုံကြည်ထားသူပဲဖြစ်ပါတယ်။ "ထိုသို့ အစဦးကပင် သင်တို့ကြားနာခဲ့ရသောအရာသည် သင်တို့၌ တည်ရှိလျှင် သင်တို့သည် သားတော်နှင့်အတူ ခမည်းတော်၌လည်း တည်ရှိကြလိမ့်မည်" (ရှင်ယောဟန်(ပ) ၂း၂၄)

လူတွေက လူကောင်းဖြစ်အောင်၊ ရိုးသားတဲ့သူတွေဖြစ်အောင် ကိုယ့်နည်းကိုယ့်ဟန် ကျိုးစားပမ်းစားနဲ့ ကျင့်ကြံကြပါတယ်။ ဒါပေမဲ့ ယေရှုဘုရားရှင် မိန့်တော်မူတာက "အကြင်သူသည် ငါနှင့် ကင်းကွာလျှင် မည်သည့်အရာကိုမျှ မတတ်နိုင်ကြ။ အကြင်သူသည် ငါ၌မတည်ရှိလျှင် သူသည် အကိုင်းအခက်ကဲ့သို့ လွှင့်ပစ်ခံရ၍ ညှိုးခြောက်သွားလိမ့်မည် " လို့ သတိပေးထားပါတယ်။ ယေရှုဘုရားရှင်နဲ့ မဆက်နွယ်ပါက ကျနော်တို့ ကြိုးစားပြီး တရားအားထုတ်နေလည်း ဘာကောင်းကျိုးမျှ ဖြစ်ထွန်းလာမှာ မဟုတ်ဘူး။ ယေရှုဘုရားရှင်က ကျနော်တို့ကို ပေးတဲ့လက်ဆောင်ကတော့ အသက် ဖြစ်ပါတယ်။ ယေရှုဘုရားရှင် ပေးတဲ့အသက်တာကြောင့် ကျနော်တို့ ဒီလောကမှာ ရှင်သန်ရတာလည်း ကျေနပ်စေတယ်၊ ရည်ရွယ်ချက်ရှိစေတယ်။ ဒီဘဝအသက်တမ်း ကုန်ဆုံးတဲ့အခါမှာလည်း ထာဝရအသက်ကို ရစေမှာဖြစ်လို့ ယေရှုဘုရားရှင်နဲ့ မဆက်နွယ်တဲ့လူဟာ တန်ဖိုးမဖြတ်နိုင်တဲ့ ဘုရားပေးတဲ့လက်ဆောင်နဲ့ လွဲချော်ရတော့မှာ ဖြစ်ပါတယ်။

ဒါကြောင့် လောကမှာ ကျနော်တို့ ကျင့်ကြံနေထိုင်သမျှဟာ ခရစ်တော်ရဲ့တရားတော်နဲ့ ကိုက်ညီသလားဆိုတာ စမ်းစစ်ကြည့်ပါ။ လောကရဲ့တန်ဖိုးထားရာတွေအတိုင်း နေထိုင်အသက်ရှင်နေကြသလား၊ ဒါမှမဟုတ် ခရစ်တော်ရဲ့တရားတော်ထဲက တန်ဖိုးထားရာတွေအတိုင်း နေထိုင်ကြရဲ့လား ။ စဉ်းစားဆင်ခြင်ကြပါ။ လောကရဲ့တန်ဖိုးထားရာတွေကတော့ စည်းစိမ်ဥစ္စာ ကြွယ်ဝချမ်းသာခြင်း၊ အာဏာရှိခြင်းတွေကိုပဲ တန်ဖိုးထားတတ်ကြတယ် မဟုတ်ဘူးလား။ ခရစ်တော်ရဲ့တရားတော်ထဲက တန်ဖိုးထားရာတွေကတော့ စိတ်နှိမ့်ချခြင်း၊ ချစ်ခြင်း၊ ခွင့်လွှတ်ခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ ဘုရားတရားကို ကြည်ညိုလေးစားခြင်း၊ ယုံကြည်ခြင်းတွေပါပဲ။ ကိုယ့်ရဲ့စိတ်ထားရင်းက အဲ့ဒီ ခရစ်တော်ရဲ့တရားတော်ထဲက တန်ဖိုးထားရာတွေအတိုင်း ရှိနေရင် သင်ဟာ ဘုရားနဲ့ ဆက်နွယ်နေတဲ့သူ၊ ဘုရားနဲ့အတူရှိနေတဲ့သူ ဖြစ်လာပါလိမ့်မယ်။

နားဆင်သူအားလုံးအပေါ် ဘုရားသခင့် ကောင်းကြီးမင်္ဂလာများ ခံစားကြရပါစေ။